かね
お金　ပိုက်ဆံ

# ဂျပန်ရဲ့ ငွေကြေး

にほん　つうか
日本の通貨

ဂျပန်မှာ ငွေစက္ကူက ယန်း ၁ထောင်တန်၊ ယန်း ၂ထောင်တန်၊ ယန်း ၅ထောင် နဲ့ ယန်း ၁သောင်းတန် ဆိုပြီး ၄မျိုးရှိပါတယ်။ ၂ထောင်တန်ကိုတော့ သိပ်အသုံးမပြုကြပါဘူး။

ဂျပန်ရဲ့ ငွေစက္ကူ

さつ
お札




အကြွေစေ့က ၁ ယန်း၊ ၅ ယန်း၊ ၁၀ ယန်း၊ ယန်း ၅၀၊ ယန်း ၁၀၀ နဲ့ ယန်း ၅၀၀ ဆိုပြီး ၆ မျိုး ရှိပါတယ်။ ဂျပန်မှာလမ်းထောင့်တိုင်းလိုလိုမှာအကြွေစေ့ထည့်ပြီးအအေးဘူးစတာတွေကိုအလွယ်တကူဝယ်လို့ရတဲ့ စျေးရောင်းတဲ့စက်တွေ ရှိတဲ့အတွက် အဆင်ပြေပါတယ်။ ဒါပေမဲ့ ၁ ယန်းနဲ့ ၅ ယန်းစေ့ တွေကို အဲဒီစက်တွေမှာ အသုံးပြုလို့မရတာမို့ သတိပြုစေလိုပါတယ်။

ဂျပန်ရဲ့ အကြွေစေ့

こうか　　　　こぜに
硬貨　Coin　小銭

いね
稲　ဆန်ပုံစံ　↓




いち えん　ご えん　じゅう えん　ごじゅう えん　ひゃく えん　ごひゃく えん

လက်ထပ်မင်္ဂလာပွဲ စတာတွေအတွက် လက်ဖွဲ့အဖြစ် ပိုက်ဆံကို ပေးတဲ့အခါမှာ အဲဒီအတွက် ပြုလုပ်ထားတဲ့ သီးသန့်စာအိတ်ထဲမှာ ငွေစက္ကူ အရွက်သစ်တွေကို ထည့်ပြီးပေးတာက ဂျပန်ရဲ့ လောကဝတ်ဖြစ်ပါတယ်။

なまえ　か
名前を書きます　နာမည်ရေးပါ→

